# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 2 , 2025 | Volume 95, Number 2


၂. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၈.၃၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၂၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၄.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၀.၈၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၁ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## သီတင်းကျွတ်ကာလ ခရမ်းချဉ်သီးဈေးများ ကျဆင်းလာ




လက်ရှိဈေးကွက်တွင် ခရမ်းချဉ်သီး ဈေးများကျဆင်းလာပြီး ထပ်မံကျဆင်းလာနိုင်ကြောင်း တောင်သူများနှင့်ကုန်သည်များက သုံးသပ်ထားသည်။

ခရမ်းချဉ်သီးဈေးမှာ ယခင်က ထိုင်းနိုင်ငံမှ ခရမ်းချဉ်သီးမပေါ်သေး၍ အဝယ်ဆွဲကာ ဈေးတက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိပစ္စည်းအဝင်များပြီး အရောင်းအဝယ်ပါးသည့်အတွက် ဈေးများ တစ်ဖြည်းဖြည်းကျဆင်းလာခြင်းဖြစ်ကြောင်းသိရသည်။

"ခရမ်းချဉ်သီးဈေးက တစ်ဖြည်းဖြည်းကျလာတယ်။ အခုတော့ တက်စရာအခြေအနေမမြင်သေးဘူး။ ဒါပေမဲ့ အောက်တိုဘာနဲ့ နိုဝင်ဘာလမှထွက်မဲ့ အသီးတွေမှာတော့ ဈေးရနိုင်ပါတယ်။ ကျန်တဲ့ကုန်စိမ်းတချို့လဲ ဈေးတွေကျနေတယ်"ဟု ရှမ်းပြည်နယ် အောင်ပန်းမြို့မှ ကုန်သည်တစ်ဦးကပြောသည်။

ယခင်ဈေးကွက်တွင် ခရမ်းချဉ် ဂွတ်သီးတစ်ပိဿာလျှင် ၂၄၀၀ ကျပ်၊ ခရမ်းချဉ် ရှယ်သီးတစ်ပိဿာလျှင် ၂၂၀၀ ကျပ်၊ ခရမ်းချဉ် အသေးသီး တစ်ပိဿာလျှင် ၁၈၀၀ ကျပ် ထိရှိခဲ့ပြီး လက်ရှိတွင် ခရမ်းချဉ်ဂွတ်သီး တစ်ပိဿာလျှင် ၁၈၀၀ ကျပ်၊ ခရမ်းချဉ်ရှယ်သီး တစ်ပိဿာလျှင် ၁၅၀၀ ကျပ်၊ ခရမ်းချဉ်အသေးသီး တစ်ပိဿာလျှင် ၁၃၀၀ ကျပ်ထိ ကျဆင်းသွားကြောင်း ရှမ်းပြည်တောင်ပိုင်း၊ အောင်ပန်းမြို့ ကုန်စည်ဒိုင်များထံမှ သိရသည်။

အချို့တောင်သူများအနေဖြင့် ဈေးမရရှိသော်လည်း မြေဩဇာများ ဈေးကြီးနေပြီး ရေကြီးရေလျှံမှုများ ရှိနေသည့်အတွက် အခင်းလိုက်ဂရုမစိုက်နိုင်ဘဲ ပစ်ထားရသည့် အခြေအနေများလည်းရှိကြောင်း သိရသည်။

လက်ရှိ မိုးကြီး၍ ရေကြီးကာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကုန်သွယ်ရေးများ ၊ အဆက်အသွယ်များ ပြတ်တောက်လျက်ရှိ၍ ရပ်နားထားရကြောင်းလည်း သိရသည် ။

"အခုဈေးကျနေပေမဲ့ ၁၀ လပိုင်း နဲ့ ၁၁ လပိုင်းမှာ ခူးမဲ့အသီးတွေရှိသေးတယ်။ အဲဒီချိန်ကျရင် ဈေးပြန်ရမလားဆိုပြီး မျှော်လင့်ချက်လေးတွေနဲ့တောင်သူတွေမှာ မစိုက်ချင်ဘဲစိုက်နေရတယ်။ တောင်သူတွေက ရှုံးတာများတယ်။ ပုပ်ကုန်ဖြစ်နေတော့ပိုဆိုးတယ်။ ကြာကြာလဲမလှောင်နိုင်ဘူး။ အခုရေကြီးနေတော့ လမ်းပိုင်းဆက်သွယ်မကောင်းတော့ ရောင်းအားတွေကျတယ်"ဟု ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးကပြောသည်။


ယခုနှစ်ပိုင်းအတွင်း မိုးများသည့်အတွက် ပျက်စီးကုန်ပြီး ခရမ်းချဉ်စိုက်တောင်သူများ အရှုံးများနေကြောင်းလည်းသိရသည်။

မြန်မာနိုင်ငံနေရာအနှံ့ မိုးကြီးနေခြင်းကြောင့် ဝယ်လိုအားနည်းပြီး ဧရာဝတီအပါအဝင် ကုန်စိမ်းအချို့လည်း ဈေးများကျဆင်းနေကြောင်းသိရသည်။

ရှမ်းပြည်နယ်တွင် အဓိကစိုက်ပျိုးဒေသများက ပြိုင်ဆိုင်စိုက်ပျိုးခဲ့တာကြောင့် ယခုနှစ်မှာ အထွက်နှုန်းတိုးခဲ့ကာ အရောင်းအဝယ်မမျှခဲ့သည့်အတွက် အရှုံးဖြင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ် အင်းလေးမြို့ခံများထံမှ သိရသည်။

**Source : https://htwettoe.com/**

## ၆၀ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပမည်



၆၀ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို လာမည့်နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၆၀ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ပထမအပတ်တွင်နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ပုလဲများ၊ ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပါဝင်တက်ရောက်လိုသည့် ဂျပန်နိုင်ငံရှိ ကျောက်မျက်ရတနာကုမ္ပဏီများ၊အဖွဲ့အစည်းများ၊လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာသံရုံး၊ တိုကျိုမြို့၏ ဖုန်းနံပါတ်- ၀၃- ၃၄၄၁ ၉၂၉၁ နှင့် အီးမေးလ်- ecos ection.me. tokyo @ gmail. com သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးအကြောင်းကြားရန်မြန်မာသံရုံး၊ တိုကျိုမြို့က အသိပေးထားသည်။

**Source : Popular News Journal**

## ယူနန်လုပ်ငန်းရှင်များ မြန်မာပြည်၌ ကော်ဖီစိုက်ပျိုးရန် စိတ်ဝင်စား



တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်က ကော်ဖီစိုက်ပျိုး ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံမှာ ကော်ဖီလာရောက် စိုက်ပျိုးဖို့ စိတ်ဝင်စားမှုရှိတယ်လို့ပင်းတယကော်ဖီအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းအေးက ပြောပါတယ်။

မြန်မာ-တရုတ် နှစ်နိုင်ငံကော်ဖီစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ကော်ဖီအသင်းအဖွဲ့ တာဝန်ရှိသူတွေက ပြီးခဲ့တဲ့ စက်တင်ဘာ ၂၄ ရက်ကနေ ၂၉ ရက်အထိ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ကို သွားရောက်ပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့သလို

ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှုတွေကိုလည်း လေ့လာခဲ့ကြတာဖြစ်ပါတယ်။

တရုတ်လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံက ကော်ဖီကို ဝယ်ယူဖို့ စိတ်ဝင်စားသလို မြန်မာနိုင်ငံမှာ လာရောက်ပြီး ကော်ဖီစိုက်ပျိုးဖို့ကိုလည်း စိတ်ဝင်စားမှုရှိတယ်လို့ ဦးထွန်းထွန်းအေးက ပြောပါတယ်။

ဒါ့ပြင် မြန်မာနိုင်ငံကကိုယ်စားလှယ်အဖွဲ့အနေနဲ့ ယူနန်ပြည်နယ်၊ လင်ချန်းမြို့က ဒုတိယမြို့တော်ဝန်နဲ့ တွေ့ဆုံခဲ့ပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနဲ့ ပတ်သက်လို့ ပူးပေါင်းဆောင်ရွက်နိုင်မဲ့ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့မြန်မာတစ်နိုင်ငံလုံးမှာ ကော်ဖီစိုက်ဧကတစ်သိန်းအထိပြည့်မီအောင်လျာထားစိုက်ပျိုးနေတယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနကနေ သိရပါတယ်။

**Source : one news Myanmar**

## တနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့ပေါ်ရှိ ကဏန်းပျော့ဈေးကွက်



တနင်္သာရီတိုင်းဒေသကြီးသည် ပင်လယ်ကမ်းရိုးတန်းများတည်ရှိပြီး ပင်လယ်လုပ်ငန်းများဖြင့်အများဆုံး သက်မွေးဝမ်းကျောင်းပြုလုပ်သည့် တိုင်းဒေသကြီးလည်းဖြစ်သည်။

ပင်လယ်ပြင်သို့ ငါးဖမ်းလှေ အကြီး/ အငယ်များဖြင့် ငါး ၊ ပုစွန် ၊ ကဏန်းများဖမ်းယူပြီး ဒေသတွင်း ရောင်းဝယ်စားသုံးကြသလို ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

အဆိုပါ ငါးဖမ်းလှေများနှင့်ဒေသတွင်းတစ်နိုင်တစ်ပိုင်ကဏန်းလှေများမှ ဖမ်းဆီးရရှိသောကဏန်းများအနက် ဝလုံးကဏန်း၊ သဲကဏန်း (ခေါ်) ပန်းဂဏန်း ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ၁၄,၀၀၀ – ၁၅,၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း မြိတ်မြို့ပေါ်ရှိ မြို့မဈေးကြီးများနှင့် အခြားသောဈေးရှိ ငါး ၊ပုစွန် အရောင်းဆိုင်များမှ သိရသည်။

**Source : DOCA(တနင်္သာရီ)**

https://www.doca.gov.mm/

## ပုသိမ်မြို့ပေါ်ရှိ ထောပတ်သီးဈေးနှုန်းအခြေအနေ



ဧရာဝတီတိုင်းဒေသကြီး ၊ ပုသိမ်မြို့ပေါ်တွင် ဒေသထွက်ကုန်များနှင့်အတူ အနယ်နယ်အရပ်ရပ်မှ တင်သွင်းလာသော လူသုံးကုန်၊ စားသောက်ကုန်များ အများအပြား ရောင်းချလျက်ရှိရာ Hass မျိုး ထောပတ်သီး သည်လည်း လူကြိုက်များ လျက်ရှိသည့် သစ်သီးတစ်မျိုး ဖြစ်သည်။

ဗီတာမင်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အဆီဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး နှလုံးကျန်းမာရေးအတွက်ကောင်းမွန်သည်ဟု လူသိများသည့် အသီးဖြစ်သည်။

ရှမ်းပြည်နယ် (ညောင်ရွှေ၊ အောင်ပန်း) နှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်) စသည့်ဒေသများမှ တင်သွင်းလာသော Hass မျိုး ထောပတ်သီးများကို ပုသိမ်မြို့ပေါ်ရှိ ဈေးများနှင့် သစ်သီးဆိုင်တို့တွင် အဓိက ရောင်းချလျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအခြေအနေအရ ယခင်က ထောပတ်သီး ၁ ကီလိုဂရမ်လျှင် ၁၂,၀၀၀ ကျပ် နှင့် ကီလိုဝက်လျှင် ၆,၀၀၀ ကျပ် နှုန်းဖြင့် ရောင်းချလျက်ရှိရာမှ ယခု ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်အတွင်း ထောပတ်သီး ၁ ကီလိုဂရမ်လျှင် ၇,၀၀၀ ကျပ် သို့ ဈေးကျဆင်းသွားကြောင်း သစ်သီးရောင်းချသူများထံမှ သိရသည်။

ဈေးနှုန်းများ သိသိသာသာ ကျဆင်းရခြင်း အကြောင်းအရင်းမှာ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသော ထောပတ်သီး အရင်းအမြစ် များပြားလာပြီး ဈေးကွက်အတွင်း ရောင်းချမှုပမာဏ များပြားလာသောကြောင့်ဟု ရောင်းချသူများက ဆိုသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်းကြောင့်လည်း ကုန်စည်အရောက်အပေါက်မြန်ဆန်ကာ ကုန်ကျစရိတ် သက်သာရာမှ ဈေးနှုန်းကျဆင်းလာခြင်း ဖြစ်နိုင်ကြောင်းသိရသည်။

ယခုလိုဈေးနှုန်းသက်သာလာမှုသည် စားသုံးသူများအတွက်ကောင်းမွန်သောအခွင့်အရေးတစ်ရပ်ဖြစ်ပြီး ရောင်းအားကောင်းမွန်နေဆဲဖြစ်သည်။

**Source : DOCA (ဧရာဝတီ)**

https://www.doca.gov.mm/

## နောင်လာမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညှိနှိုင်းမှုများတွင် တရုတ်နိုင်ငံအနေဖြင့် အထူးနှင့်သီးခြားအခွင့်အရေးကို ရယူတော့မည်မဟုတ်

တရုတ်သတင်းစာ ဆင်ဟွာနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့အား ကိုးကား၍ တရုတ်နိုင်ငံသည် နောင်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညှိနှိုင်းမှုများတွင် ၎င်း၏ ဖွံ့ဖြိုးဆဲနိုင်ငံ အဆင့်အတန်းမှရရှိသည့် အကျိုးကျေးဇူးများကို တောင်းခံမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းက ဖော်ပြထားသည်။

အဆိုပါသတင်းကို တရုတ်ဝန်ကြီးချုပ် Li Qiang က နယူးယောက်၌ ကျင်းပနေသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆက်စပ်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala က ယခုကိစ္စသည် နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်မှု၏ အထွတ်အထိပ်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ဦးဆောင်မှုကို ချီးကျူးကြောင်း တွစ်တာတွင်ဖော်ပြခဲ့သည်။

အမေရိကန်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပြုပြင်ပြောင်းလဲမှုတွင် တရုတ်နှင့်ဆော်ဒီအာရေဗျအပါအဝင် စီးပွားရေးအင်အားကြီးနိုင်ငံအချို့ကဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ပေးအပ်ထားသောအထူးနှင့်သီးခြားအခွင့်အရေး(SDT)ကိုမစွန့်လွှတ်သရွေ့ အဓိပ္ပာယ်မရှိဟု တောက်လျှောက် ဆွေးနွေးနေပြီး တရုတ်အား အဆိုပါအခွင့်အရေးကို လုံးဝစွန့်လွှတ်ရန် ဆန္ဒရှိခဲ့သည်။

အမေရိကန်၏ အကောက်ခွန်အသစ်များနှင့် ယင်းအပေါ် တရုတ်၏လက်တုံ့ပြန် ဆောင်ရွက်မှုများကြောင့် လအတန်ကြာ ကုန်သွယ်ရေးတင်းမာမှုအပြီး တရုတ်က ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မူလက ၎င်း၏ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်အတန်းကို ညှိနှိုင်းခွင့်မပေးဟု Reuters ကို ပြောကြားခဲ့သော်လည်း ၂၀၂၆ ခုနှစ်၌ ကင်မရွန်းတွင်ကျင်းပမည့် ၁၄ ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ အထူးနှင့် သီးခြားအခွင့်အရေး (SDT)၊ ထောက်ပံ့မှု (subsidies)နှင့် စက်မှုမူဝါဒ (industrial policies) တို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.reuters.com/

https://commerce.gov.mm/

## ဘူတန်နဲ့ဆက်သွယ်ပေးမဲ့ ပထမဆုံးနယ်စပ်ဖြတ်ကျော်မီးရထားလမ်းကို အိန္ဒိယတည်ဆောက်သွားမယ်



အိန္ဒိယနဲ့ဘူတန်နိုင်ငံတို့ကိုဆက်သွယ်ပေးမဲ့ ပထမဆုံးနယ်စပ်ဖြတ်ကျော်မီးရထားလမ်းတွေကို တည်ဆောက်သွားမယ်လို့ အိန္ဒိယအစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီပရောဂျက်ဟာ အမေရိကန်ဒေါ်လာ၄၅၄သန်းတန်ဖိုးရှိ ပရောဂျက်တစ်ခုဖြစ်ပြီး အချိန် ၄ နှစ်အတွင်း အပြီးသတ်သွားမယ်လို့လည်း သိရပါတယ်။

ဘူတန်နိုင်ငံရဲ့အဓိကကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာ ဘူတန်ရဲ့အခြေခံအဆောက်အဦနဲ့ စီးပွားရေးကို ခေတ်မီအောင်လုပ်ဆောင်ရာမှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်လို့လည်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး Vikram Misri က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

အဲဒီမီးရထားလမ်းစီမံကိန်းဟာ ဘူတန်ပြည်သူတွေအတွက် ကြီးကြီးမားမားအကျိုးဖြစ်ထွန်းစေလိမ့်မယ်လို့လည်း အိန္ဒိယနိုင်ငံမီးရထားဝန်ကြီး Ashwini Vaishnaw က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

Ashwini Vaishnaw က “ဒီမီးရထားလမ်းစီမံကိန်းဟာ ဘူတန်နိုင်ငံတစ်ခုလုံးနဲ့ချိတ်ဆက်မှုတွေကို လုပ်ဆောင်စေနိုင်ပါလိမ့်မယ်။ ဒီနေ့အချိန်အထိ ကြာနေခဲ့တဲ့ ကုန်စည်စီးဆင်းမှုတွေဟာ နာရီပိုင်းအတွင်းမှာ ဖြစ်လာပါလိမ့်မယ်” လို့ ပြောခဲ့ပါ တယ်။

အမေရိကန်ဒေါ်လာသန်း ၃၉၀ ကုန်ကျမယ်လို့ ခန့်မှန်းထားတဲ့ အကွာအဝေး ၆၉ ကီလိုမီတာရှိတဲ့ အစပိုင်းရထားလမ်းဟာ အိန္ဒိယနိုင်ငံရဲ့အရှေ့မြောက်ဘက်မြို့ Kokrajhar နဲ့ ဘူတန်ရဲ့ Gelephu မြို့တို့ကို ဆက်သွယ်ပေးသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၅ သန်းနီးပါးကုန်ကျမဲ့ အကွာအဝေး ၂၀ ကီလိုမီတာရှိတဲ့ ဒုတိယမြောက်မီးရထားလမ်းက ဘူတန်ရဲ့အနောက်မြောက်ဘက် စက်မှုအချက်အချာဖြစ်တဲ့ Samtse မြို့နယ် အိန္ဒိယအရှေ့ပိုင်းက Banarhat မြို့တို့ကို ဆက်သွယ်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**Source :** https://npnewsmm.com/

## အပြာရောင်စီးပွားရေးကိုအရှိန်မြှင့်တင်ရန် ပထမဆုံးမွေးမြူရေးကျောက်ပုစွန် ဖမ်းယူမှုစတင်ခဲ့သည့် အင်ဒိုနီးရှား



အင်ဒိုနီးရှားနိုင်ငံ ရေကြောင်းရေးရာနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန (KKP)သည် ပထမဆုံး မွေးမြူရေး ကျောက်ပုစွန် ဖမ်းယူမှုကို Riau ကျွန်းများရှိ Batam Marine Aquaculture Center (BPBP) တွင် ပြုလုပ်ခဲ့သည်။

KKP ဝန်ကြီး Sakti Wahyu Trenggonoက ကျောက်ပုစွန် မွေးမြူရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နှစ်နှစ်နီးပါး ဆောင်ရွက်လာခဲ့ကြောင်းနှင့် ယခုအောင်မြင်မှုသည် ငါးလုပ်ငန်းနှင့် ရေကြောင်းကဏ္ဍတွင် အင်ဒိုနီးရှား၏ အင်အားကိုတည်ထောင်ရာတွင် ပထမအဆင့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပထမဆုံးဖမ်းယူမှုမှာ တန်ချိန် ၁ ဒသမ ၇ တန်ရှိပြီး တန်ဖိုးအားဖြင့် တစ်ကီလိုဂရမ်လျှင် ရူပီး ၄၀၀,၀၀၀ ရှိကြောင်း သိရသည်။

ဝန်ကြီးက အင်ဒိုနီးရှား၏ပေါကြွယ်ဝသော သဘာဝကပေးသည့်ကျောက်ပုစွန်ဥများကြောင့် နိုင်ငံသည်အားကောင်းသော အလားအလာရှိကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပင်လယ်စာဈေးကွက်သည် အမေရိကန်ဒေါ်လာ ၄၁၄ ဘီလီယံရောက်ရှိခဲ့ပြီး အင်ဒိုနီးရှား၏ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံသာရှိသေးသည့်အတွက် များစွာသောအခွင့်အလမ်းများရှိကြောင်း ပြောကြားခဲ့သည်။

ပထမအကြိမ်ဖမ်းယူမှုတွင် အမျိုးအစား ၃ မျိုးမှ ကျောက်ပုစွန်အကောင်ရေ ၆၀၀၀ ရှိကြောင်း သိရသည်။

ထိုပထမဆုံးဖမ်းယူသည့်အခမ်းအနားကို ဒုတိယသမ္မတ Gibran Rakabuming Raka နှင့် Commision 4 Chair of the House of Representatives ဖြစ်သူ Titiek Soeharto တက်ရောက်ခဲ့ကြောင်း သိရသည်။

Gibran က အပြာရောင်စီးပွားရေး တိုးတက်အောင်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာလုပ်ငန်းရှင်များပါဝင်မှု၏ အရေးပါမှုနှင့် ကျောက်ပုစွန်ဥမှောင်ခိုကူးမှုကိုတားဆီးရန်အတွက် သမ္မတရုံးအမိန့်စည်းမျဉ်း လျင်မြန်စွာ အပြီးသတ်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

Titiek က ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များကို ချီးမွမ်းခဲ့ပြီး ကျောက်ပုစွန်အရွယ်အစားကြီးထွားရန်နည်းပညာသည် သိသာထင်ရှားသောတန်ဖိုးမြှင့်တင်မှုဖြစ်ကြောင်း နိုင်ငံခြားကော်ပိုရေးရှင်းများသည်လည်း အလုပ်အကိုင်များဖန်တီးရန်နှင့် နိုင်ငံခြားငွေရရှိမှု အရှိန်မြှင့်တင်ရန်အတွက် ပုစွန်အရွယ်အစား တိုးမြှင့်ခြင်းကို အဓိကထားသင့်ကြောင်းပြောကြားခဲ့သည်။

ပရိုဂရမ်မှတစ်ဆင့် ဝန်ကြီးဌာနသည် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုတင်ပို့ရန်နှင့် ပြည်တွင်းဈေးကွက်များအတွက်ရည်ရွယ်ပြီး ငါးဖမ်းသမားများ၊ ကမ်းရိုးတန်းဒေသနေထိုင်သူများနှင့် ဒေသတွင်းငါးဖမ်းလုပ်ငန်းနယ်ပယ်ကို ပံ့ပိုးပေးလိုကြောင်း သိရသည်။

**Source: DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (2.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Oct. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,674 (Shares) | 24,198,100 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 398 | 3,144,200 | 33,109,694 | 261,567 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 212 | 720,800 | 38,929,150 | 132,359 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 2 | 16,800 | 10,400,986 | 87,368 |
| FPB | 00004 | 2,600 | -150 | -5.45% | 2,700 | 2,700 | 2,550 | 1,132 | 3,055,700 | 29,664,613 | 77,128 |
| TMH | 00005 | 2,750 | +100 | +3.77% | 2,750 | 2,750 | 2,750 | 557 | 1,531,750 | 12,823,224 | 35,264 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,684 | 3,202,600 | 19,977,223 | 38,956 |
| AMATA | 00007 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 159 | 524,250 | 10,497,598 | 34,642 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 3,530 | 12,002,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 396.68 | -1.41 | -0.35% | 397.56 | 398.09 | 395.62 | 7,674 | 24,198,100 | 8 | 748,221 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Oct. 2025

| Trading Volume | Trading Value |
|---|---|
| 7,929 (Shares) | 24,873,850 (MMK) |

## Main Board

As of 1:00 pm, 2nd Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,674 (Shares) | 24,198,100 (MMK) |

**MYANPIX** 396.68 ▼ 1.41

| | |
|---|---|
| Total Volume (shares) | 7,674 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 748,221 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▲0 |
| MTSH | 00002 | 3,400 | ▲0 |
| MCB | 00003 | 8,400 | ▲0 |
| FPB | 00004 | 2,600 | ▼150 |
| TMH | 00005 | 2,750 | ▲100 |
| EFR | 00006 | 1,950 | ▲0 |
| AMATA | 00007 | 3,300 | ▲50 |
| MAEX | 00008 | 3,400 | ▲0 |